တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

ပဉ္စမနေ့အစီအစဉ်

၇-၁၀-၂၀၂၆ (ဗုဒ္ဓဟူးနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) **ဦးထန်ဋ္ဌ၊ လဟယ်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ လဟယ်မြို့နယ်များအတွက် အကျိုးပြုသည့် အိန္ဒိယနိုင်ငံနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း လဟယ်-တိုက်ရံ-ပုံညိုနောက်ကုန်းလမ်း (၄၇/၀)မိုင်အား ရာသီမရွေး သွားလာနိုင်အောင် လမ်းတာချဲ့ခြင်းနှင့် အမာခံ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးအောင်နိုင်သူ၊ ခန္တီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ခန္တီးမြို့နယ်၊ မှန်ပင်ကျေးရွာအုပ်စု၊ မကန်နောင်ကျေးရွာ၊ ရွာလယ်လမ်းမကြီး ကျောက်ချောလမ်း (၆၁၂၀)ပေနှင့် ရွာဦးမြစ်ဆိပ်လမ်း(၂၄၀)ပေတို့ကို ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဒေါ်ဆန်းစစ်ရှိုး၊ လေရှိုးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "လေရှိုးမြို့နယ်၊ ရန်နွေး-မွန်ကိုင်လင်-ကံ့ကော်ကုန်း-ဘန်းဂလား-ကော်လ်ကန် လမ်းပိုင်းအန္တရာယ်ရှိ အတက်အဆင်းမတ်စောက်လွန်းသောနေရာများအား လမ်းလွှဲအသစ်ဖောက်လုပ်ပေးရန်နှင့် ပြုကျပျက်စီးသွားသော Box Culvert များအား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့နှင့် ဒုံဟီးမြို့တို့တွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်

နေရာချထားရေးဝန်ကြီးဌာနပိုင် (မြေနေရာ)ရှိသော်လည်း မူလတန်းကြိုကျောင်းများအား ယာယီအဆောက်အဦးဖြင့် ဖွင့်လှစ်ထားရသဖြင့်၊ ကျောင်းဆောင်အသစ်များ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(c) **ဦးမြတ်ကို၊ ခန္တီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ခန္တီးမြို့နယ်၊ ကင်းတော်ကျေးရွာ၊ တွဲဖက်အလယ်တန်းကျောင်း၌ (၁၂၀×၃၀)ပေ (၂)ထပ်စာသင်ဆောင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ကလေးမြို့နယ်၊ နန်းဇလူကျေးရွာ အလယ်တန်းကျောင်းခွဲတွင်လိုအပ်သော (၁၅၀ × ၃၀)ပေ နှစ်ထပ် ကျောင်းဆောင်တစ်ဆောင် အပါအဝင် ကျောင်းသောက်သုံးရေအတွက် စက်ရေတွင်း တူးဖော်ပေးရန်နှင့် စက်ဘီးထားရှိရန် (၅၀ × ၁၀)ပေ တစ်ဖက်ရပ်အဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဒေါ်အေးအေးသန်း၊ ကသာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ကသာခရိုင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်ရေးဝင်းအတွင်း (၁၈×၉×၁၂)ပေရှိသော သားဖွားခန်းအဆောက်အဦနှင့် ရေတွင်း(၁)တွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဇ) **ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''စစ်ကိုင်းတိုင်းဒေသကြီးအတွင်း EV ကား အားသွင်းဆိုင်များ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်မြို့နယ်များတွင် ဦးစားပေးတည်ဆောက်ပေးမည်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆောင်ရွက်မည်ဆိုပါက မည်ကဲ့သို့ ကူညီဆောင်ရွက် ပေးမည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(စျ) **ဦးအောင်ဇော်ဝင်း၊ ဟုမ္မလင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ဟုမ္မလင်းမြို့၊ ထမံသီကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ၏ ဒေသဖွံ့ဖြိုးရေးကိစ္စအား အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ည) **ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်က Prefeasibility Survey (အကြိုဖြစ်နိုင်ခြေ လေ့လာဆန်းစစ်မှု) လုပ်ငန်း(၁၁)ခုတွင်ပါဝင်သော ဟုမ္မလင်းမြို့နယ် သဝန်ထွက်ဝကျေးရွာနှင့် နားသကျိုက် ကျေးရွာတို့အား Solar မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း''စပ်လျဉ်းသည့်မေးခွန်း။

(၄) **ဦးအောင်ဇော်ဝင်း၊ ဟုမ္မလင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ဟုမ္မလင်းမြို့နယ်၊ ကတ်သာစံပြကျေးရွာဘက်ခြမ်း ကျန်ရှိနေသည့် ချင်းတွင်းမြစ်ကမ်းထိန်းနံရံနှင့် မော်တော်ယာဉ်များ အတက်အဆင်းကားလမ်းအား ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(၅) **ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ကလေးမြို့ပေါ်ရပ်ကွက်အတွင်း မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာ လှပရေးအတွက် ရပ်ကွက်များအတွင်းရှိလမ်းများအား ဘဏ္ဍာနှစ်တစ်နှစ်ချင်းစီအလိုက် ဦးစားပေးအစီအစဉ်အတိုင်း ကတ္တရာလမ်း (သို့) ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(၆) **ဦးကျော်နိုင်ဝင်း၊ ယင်းမာပင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "မုံရွာမြို့အထက(၂)အလုံတပ်ကျောင်းသို့ ရွှေပြည်အေးရပ်ကွက်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား/သူများ လေယာဉ်ကွင်းဧရိယာကို နေ့စဉ် ဖြတ်သန်းသွားလာရသဖြင့် ဘေးအန္တရာယ်ကင်း၊ လုံခြုံစွာသွားလာနိုင်ရေးအတွက် လေယာဉ်ကွင်းပတ်လမ်း(၂)မိုင်ခန့်ကို ကွင်းဆင်းတိုင်းတာပေးခြင်းနှင့် လမ်းအဆင့်သတ်မှတ်ပေးပြီး ကတ္တရာလမ်းသို့မဟုတ် ကျောက်ခင်းလမ်းအဆင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

၆။ လွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော်ဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းမှုနှင့် အဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း။

၇။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။